**ဆန်ဖရန်စစ္စကို ဘေးဧရိယာ၏ [၂၀၁၁] ခုနှစ်**

# မြန်မာစာပေဟောပြောပွဲ

## မြန်မာကဗျာရွတ်ဆိုမှု နှင့် မြန်မာစာစီစာကုံးအရေး ပြိုင်ပွဲ

## "စာပေမြင့်မှ လူမျိုးတင့်မည်"

**မြန်မာစာ မြန်မာစကား တည်တံ့ပြန့်ပွားရေးအတွက် ပံ့ပိုးအားပေးရင်း မြန်မာမှုကို ထိန်းသိမ်းကြပါစို့။**

ဆန်ဖရန်စစ္စကို ဘေးဧရိယာတွင် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော စာပေဟောပြောပွဲကို
ထင်ရှားသော စာပေ အနုပညာရှင်များအား ဖိတ်ကြား၍ ဖော်ပြပါ အစီအစဉ်အတိုင်း
ပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက် နားဆင် ဆွေးနွေးကြပါရန် ရင်းနှီးခင်မင်စွာ ဖိတ်ခေါ်ပါရစေ။

**စာရေးဆရာများ ဦးစီး အတဲဖြတ်မည့်** မြန်မာကဗျာ (၁၀နှစ်/၁၅နှစ် အောက်) နှင့် မြန်မာစာစီစာကုံး (အသက်အရွယ် မရွေး) ပြိုင်ပွဲများ ပါဝင်ပါမည်။ **bayarealiterarytalks@gmail.com** သို့ ဆက်သွယ် ပေးပို့ပါရန်။

ဟောပြောမည့် စာပေအနုပညာရှင်များ –

### ဦးဝင်းဖေ – "စာပေနှင့်အနုပညာ"

စွယ်စုံရအနုပညာရှင်၊ မန္တလေးပန်းချီ ကျောင်းအုပ်ကြီးဟောင်း နှင့် အကယ်ဒမီဆုရှင် ဒါရိုက်တာဖြစ်သည်။ "နှင်းဆီနီအိပ်မက်"၊ "ပန်းသီတဲ့ကြိုး"၊ "မြင်းမိုရ်ထက်မြင့်သော" ရုပ်ရှင်ကားများ ထင်ရှားလှသည်။ "ရေကြည်ရေသန့်"၊ "ချက်ကြီးသောက်သောအရက်" စသောဝတ္ထုတို များစွာလည်းထင်ရှားသည်၊ ပန်းချီ၌လည်းထူးချွန်၍ ခေတ်သစ် မြန်မာပန်းချီ ထူထောင်သူ (၆)ဦးတွင် ပါဝင်သည်။

### မောင်စွမ်းရည် – "ကဗျာ့သံစဉ်"

အမျိုးသားစာပေဆုရှင် ထင်ရှားသော ကဗျာဆရာ၊ စာပေဝေဖန်ရေးဆရာ ဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် "အနီနှင့်အပြာ" ကဗျာပေါင်းချုပ် စာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ကဗျာပေါင်းချုပ် (၄)အုပ်၊ စာပေဝေဖန်ရေး နှင့် စာပေရေးရာ (၄)အုပ် ထုတ်ဝေခဲ့သည်။

### ချိုတူးဇော် – "ကမ္ဘာပြားပေါ်မှာ တနေရာ"

ခေတ္တပညာသင်လာ စာရေးဆရာ၊ ဒါရိုက်တာ ဖြစ်သည်။ ၁၉၈၅မှ စာစရေးခဲ့ပြီး "တချို့မုန်းတတ်သည်"၊ "တရံရောအခါ ဂင်္ဂါ" လုံးချင်းနှစ်ပုဒ်၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ များစွာအပြင်၊ ရုပ်ရှင် နှင့် ဗီဒီယို (၂၅)ကားခန့် ရိုက်ကူးခဲ့သည်။ ပထမဆုံး ကားမှာ ဇင်ဝိုင်း၊ ဆွေဇင်ထိုက်နှင့် "မမ မာနကြီးသလား" ဖြစ်ပြီး၊ ၁၉၉၃ ခုနှစ် "စတုတ္ထနှစ် မြို့ပြကျောင်းသူ" ဇာတ်ကားဖြင့် ထင်ရှားသည်။

## အောက်တိုဘာ ၈၊ ၂၀၁၁၊ စနေနေ့

## ညနေ [၆] နာရီ မှ [၁၀] နာရီ

## Los Cerritos Community Center - Fremont

3377 Alder Ave (Cross St. Fremont Blvd), Fremont, CA 94536

မြန်မာ့ရိုးရာမုန့်ဟင်းခါးနှင့် မြန်မာအစားအစာများ၊ သက်သတ်လွတ်အစားအစာများလည်းပါရှိပါမည်။

ဆက်သွယ်ရန်

ကိုချိုဦး(၅၁၀ ၅၅၂ ၇၉၇၃)၊ ဦးစိန်ထွန်း(၆၅၀ ၃၂၁ ၅၅၇၈)၊ ကိုစိန်(၅၁၀ ၅၇၉ ၈၅၀၆)၊ ကိုညီညီသန်း(၅၁၀ ၅၅၂ ၉၇၆၇)၊
ကိုဂျေစင်(၅၁၀ ၄၀၂ ၇၇၇၉)၊ ကိုထက်လင်းနိုင်(၅၁၀ ၆၇၃၅၉၃၀)၊ ကိုဇာနည်(၄၁၅ ၆၇၂ ၁၆၂၆)၊ ကိုကျော်သူရ(၄၁၅ ၄၂၀ ၁၅၀၄)

**ဗမာအမေရိကန်၊ ဒီမိုကရေစီ မဟာမိတ် [BADA] အဖွဲ့ နှင့် စာပေ ဝါသနာရှင်များ ပူးပေါင်း စီစဉ်သည်။** www.badasf.org